ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၁၉ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

( ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် )

**ရုရှားနိုင်ငံမှ စက်သုံးဆီဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ရုရှားနိုင်ငံမှစက်သုံးဆီဝယ်ယူပြီး သိုလှောင်၊ ဖြန့်ဖြူးရန် **"ရုရှားနိုင်ငံမှ စက်သုံးဆီဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဦးဆောင်ကော်မတီ"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး ညိုစော<br>အဖွဲ့ဝင်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဦးကိုကိုလှိုင်<br>ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးအေးကျော်<br>ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးသန့်စင်<br>ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမင်းမင်း<br>ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဦးထွန်းထွန်း အဖွဲ့ဝင်
STAR High Co.,Ltd

(ဇ) ဦးမောင်မောင်နိုင် အဖွဲ့ဝင်
Yetagon Energy Trading
Co.,Ltd

(ဈ) ဦးဝင်းကျော်ကျော်အောင် အဖွဲ့ဝင်
SWAN Energy Co.,Ltd

(ည) ဦးရွှေမော် အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန

(ဋ) ဦးမောင်မောင်ကျော် တွဲဖက်အတွင်းရေးမှူး
အထွေထွေမန်နေဂျာ
ထုတ်ကုန်များဈေးကွက်ရှာဖွေရေးနှင့်သုတေသနဌာန
မြန်မာစီးပွားရေးကော်ပိုရေးရှင်း

၂။ ရှာဖွေရေးနိုင်ငံမှ စက်သုံးဆီဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) စက်သုံးဆီဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဦးဆောင်ကော်မတီသည် နိုင်ငံတော်၏ မူဝါဒများ၊ စီးပွားရေးမူဝါဒလုပ်ထုံးလုပ်နည်းများအတိုင်း နိုင်ငံတော်၏ လိုအပ်ချက်အပေါ် မူတည်၍ စက်သုံးဆီများ မှာယူတင်သွင်း၍ သိုလှောင်ဖြန့်ဖြူးခြင်းဆောင်ရွက်ရန်၊

(ခ) အရည်အသွေးပြည့်မီမှန်ကန်ပြီး ဈေးနှုန်းသက်သာသည့် စက်သုံးဆီများ ဝယ်ယူတင်သွင်း၍ ပြည်တွင်းတွင် သိုလှောင်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ရန်၊

(ဂ) စက်သုံးဆီဝယ်ယူခြင်း၊ တင်သွင်းခြင်း၊ သယ်ယူခြင်းတို့အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) လစဉ်လိုအပ်သည့် နိုင်ငံခြားငွေကြေးပမာဏအား နိုင်ငံတော်သို့ တင်ပြတောင်းခံရန်၊

(င) စက်သုံးဆီတင်ဆောင်လာသည့် သင်္ဘောများအချိန်မီရောက်ရှိရေး ဆက်သွယ်ကြပ်မတ်ဆောင်ရွက်ရန်၊

(စ) စက်သုံးဆီတင်ဆောင်လာသည့် သင်္ဘောများရောက်ရှိလာချိန်တွင် အချိန်မီ အရည်အသွေး (စံချိန်စံညွှန်း) အရေအတွက်မှန်ကန်မှုရှိ၊ မရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စစ်ဆေးရန်၊

(ဆ) သိုလှောင်ထားသော စက်သုံးဆီများအား တပ်မတော်နှင့် ဝန်ကြီးဌာနများ အဖွဲ့အစည်းများအား ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရန်၊

(ဇ) တင်သွင်းသည့်ကုမ္ပဏီများအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ ဖွဲ့စည်းထားသော စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး ကြပ်မတ်ရန်၊

(ဈ) ဦးဆောင်ကော်မတီအနေဖြင့် ရုရှားနိုင်ငံမှထွက်ရှိသော စက်သုံးဆီနှင့် ရေနံထွက် ဓာတုဗေဒပစ္စည်းများအပြင် အခြားလိုအပ်ချက်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ညွှန်ကြားချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ - ၈ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၇ / ၂၀၂၂ နှင့် ၇ - ၁၀ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇၅ / ၂၀၂၂ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ